# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ “မိမိ၏ လုပ်ဖော်ကိုင်ဖက် ကျန်းမာရေးပညာရှင်ဝန်ထမ်းများအား ကျေးဇူးတင် ဂုဏ်ပြုအားပေးစကား” (၁၃-၁၀-၂၀၂၀)

၁။ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ COVID-19 ကုသရေးဌာနများ၊ Quarantine Center များ၊ ကျန်းမာရေးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဘာသာရပ်အလိုက် အထူးကုနှင့် ကျွမ်းကျင်ပညာရှင်များ၊ သူနာပြုများ၊ ဓါတ်ခွဲ၊ ဓါတ်မှန်နှင့် ဆေးဝါးပညာရှင်များ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံကျန်းမာရေးပညာရှင်များ၊ ဆေးရုံတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အခြားဆေးရုံဝန်ထမ်းများ၊ သန့်ရှင်းရေးနှင့် လုံခြုံရေးဝန်ထမ်းများပါမကျန် အားလုံးကို ကျွန်တော် နှုတ်ခွန်းဆက် မေတ္တာပို့ပါတယ်။

၂။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုဝန်ကြီး တစ်ယောက်အနေနဲ့မဟုတ်ဘဲ ကျန်းမာရေးကဏ္ဍမှ တာဝန်အရှိဆုံး လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေနဲ့ရော၊ သားသမီးများရဲ့ ဖခင်တစ်ယောက် အနေနဲ့ပါ အားပေးစကား ပြောကြားချင်ပါတယ်။

၃။ ဆရာတို့၊ ဆရာမတို့ဟာ COVID-19 ကူးစက်ဖြစ်ပွားမှုမရှိအောင် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ နယ်စပ် ဝင်/ ထွက်ပေါက်များ၊ Quarantine site များ၊ ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းပြီး လပေါင်းများစွာ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို ပိုက်စိတ်တိုက် ကြိုးစားဆောင်ရွက်ခဲ့ကြပေမယ့် အခုအချိန်မှာ လူနာများဟာ ပြည်သူ့ဆေးရုံကြီးများနှင့် COVID-19 ကုသရေးဌာနများကို တစ်ရက်ထက်တစ်ရက် တိုးပြီးရောက်ရှိ နေပါတယ်။

၄။ ဆရာတို့၊ ဆရာမတို့ဟာ COVID-19 လူနာများကို ဝေဒနာအနည်းဆုံးဖြစ်အောင်၊ ရောဂါ လက္ခဏာ မပြင်းထန်ဖို့နဲ့ သေဆုံးမှုနည်းပါးစေဖို့အတွက်ရော COVID-19 မဟုတ်တဲ့ အခြားလူနာများ အတွက်ပါ နေ့ရော၊ ညပါ အလွန်ပင်ပန်းစွာ မိမိကိုယ်ခန္ဓာနဲ့ အသက်ကိုတောင်မငဲ့ဘဲ ဝန်နဲ့အား မမျှစွာ ဝန်ဆောင်မှုပေးနေတယ်ဆိုတာကို ကျွန်တော် ကောင်းကောင်းသိပါတယ်။

၅။ ဆရာတို့၊ ဆရာမတို့ဟာ ကိုယ့်ရဲ့မှန်မြတ်တဲ့ရွေးချယ်မှုကြောင့် ဒီမြင့်မြတ်တဲ့ Professional ဘဝကို ရောက်ရှိနေကြသူတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးမှုအခြေအနေအရ ဆရာဝန်၊ သူနာပြုနဲ့ ကျန်းမာရေးပညာရှင်များဟာ ပညာရှင်ချင်းတူပေမယ့် အခြားနိုင်ငံကလူတွေရဲ့ လစာနဲ့ ခံစားခွင့်တွေ ယှဉ်ကြည့်ရင် အများကြီးကွာခြားတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ဒါကြောင့် အခုလို ကမ္ဘာနဲ့အဝှမ်း

COVID-19 ကပ်ရောဂါကျရောက်နေတဲ့ အချိန်ကာလမှာ ဒီလိုဖွံ့ဖြိုးမှုအားနည်းတဲ့၊ အရင်းအမြစ် အကန့်အသတ်ရှိတဲ့ ကျွန်တော်တို့နိုင်ငံမှာ အခြားနိုင်ငံကြီးတွေထက်မလျော့ဘဲ ရဲရင့်တဲ့ Professional ပီသတဲ့စိတ်နဲ့ စေတနာအပြည့်နဲ့ ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းမှုမှမပါဘဲ ရောဂါပိုးတွေ့လူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဆရာတို့၊ ဆရာမတို့ကို ကျွန်တော်အပါအဝင် မြန်မာပြည်သူတွေက အထူးလေးစားကျေးဇူးတင်နေကြပါတယ်။

၆။ ဆရာတို့၊ ဆရာမတို့ နေ့စဉ် စောင့်ကြပ်ကြည့်ရှုကုသပေးနေတဲ့၊ အသက်ကယ်ပေးနေတဲ့ လူနာတစ်ယောက်ချင်းစီအတွက် အဲ့ဒီလူနာရဲ့ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေတွေ၊ သူတို့ကို တန်ဖိုးထားတဲ့ လူတိုင်းလူတိုင်းက ဆရာတို့၊ ဆရာမတို့ကို ဘယ်သူဆိုတာ တစ်ဦးချင်းမသိသည့်တိုင်အောင် တစ်သက်တာလုံး တန်ဖိုးထားကျေးဇူးတင်မယ့်သူတွေ အများကြီးရှိတယ်ဆိုတာ သတိရပြီး ပီတိဖြစ်အမောဖြေပေးကြပါ။

၇။ အခုဆိုရင် ဆေးရုံတွေနဲ့ ကျန်းမာရေးဌာနတွေမှာ PPE ဝတ်စုံတွေဝတ်ဆင်ပြီး လူနာတွေကို နေ့စဉ်ကြည့်ရှုစောင့်ရှောက် ကုသပေးနေကြတဲ့ ဆရာဝန်၊ ဆရာမတွေ၊ ဓါတ်ခွဲစစ်ဆေးခြင်း၊ ဓါတ်မှန်ရိုက်ခြင်းနဲ့ အခြားအထောက်အကူပြု တာဝန်တွေ ထမ်းဆောင်နေကြတဲ့ ကျွန်တော်ရဲ့သားသမီးများသဖွယ် သဘောထားရတဲ့ ကျန်းမာရေးဝန်ထမ်းတွေဟာ အလွန်ပင်ပန်းနွမ်းနယ်နေကြပြီဆိုတာ ကျွန်တော် ကောင်းကောင်းသိပါတယ်။ ကျွန်တော့်အနေနဲ့ နေ့စဉ်အလုပ်တာဝန်တွေ ဆောင်ရွက်ရတဲ့ အချိန်တွေမှာ ဆရာတို့၊ ဆရာမတို့ ဒီလိုပင်ပင်ပန်းပန်း Duty ဆင်းနေကြတယ်ဆိုတာ စိတ်ထဲ မြင်ယောင်ပြီး ကျေးဇူးတင်ဂုဏ်ယူနေပါတယ်။ ကျွန်တော်အိပ်တော့မယ့်အချိန်၊ စားတဲ့အချိန်မှာလည်း မအိပ်ရတဲ့ ညပေါင်းများစွာရှိနေတဲ့ ဆရာတို့ ဆရာမတို့ကို မြင်ယောင်မိပါတယ်။ အချို့အချိန်တွေမှာ အဆင်ပြေသလို စားသောက်နေထိုင်နေရတယ်ဆိုတာကိုလည်း သိနေပါတယ်။ ကျွန်တော့် အနေနဲ့လည်း အိပ်ချိန်မှလွဲပြီး ဒီ COVID-19 ကပ်ရောဂါရဲ့ အခြေအနေအရပ်ရပ်ကို အမြဲတမ်းသုံးသပ်ပြီး လိုအပ်တာတွေကို အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်။

၈။ အခုအချိန်မှာ ရောဂါကူးစက်ခံရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ Quarantine ဝင်နေရတဲ့ ကျန်းမာရေးဝန်ထမ်းတွေရှိလာတဲ့အတွက် ကျွန်တော့်ရဲ့ သားသမီးများသဖွယ်ဖြစ်တဲ့ လုပ်ဖော်ကိုင်ဖက်တွေအတွက် ကျွန်တော်အလွန်စိုးရိမ်ပါတယ်။ နောက်ထပ် ကူးစက်မှုတွေမဖြစ်စေချင်ပါဘူး။ ဒါ့ကြောင့် ဆေးရုံတွေမှာ ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အားဖြည့်ဆောင်ရွက်ဖို့ အလွန်အရေးကြီးပါတယ်။

၉။ ဆရာတို့၊ ဆရာမတို့ရဲ့ အန္တရာယ်ကင်းလုံခြုံဖို့၊ ရောဂါကူးစက်မှုမခံရဖို့ဟာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ အရေးကြီးဆုံး ဦးစားပေးကိစ္စရပ် ဖြစ်ပါတယ်။

၁၀။ အခုအချိန်မှာ ဆရာတို့၊ ဆရာမတို့အတွက် လိုအပ်မယ့် ရောဂါကာကွယ်ရေးပစ္စည်းတွေ အပါအဝင် ဆေးပစ္စည်းတွေကို အမြန်ဆုံး အချိန်နဲ့တစ်ပြေးညီ အတတ်နိုင်ဆုံး ပေးပို့ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ နောက်ထပ်လိုအပ်မယ့် ပစ္စည်းတွေကိုလည်း ကျွန်တော်တို့လက်ဝယ် အဆင်သင့်ရှိအောင် မှာယူထားပြီး ရောက်ရှိတာနဲ့ ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။

၁၁။ နောက်ပြီး နေထိုင်ရေးနဲ့ပတ်သက်ရင်လည်း ဂျူတီဆင်းပြီး အိမ်ပြန်ရတဲ့အခါ မိသားစုတွေ ကူးစက်မခံရအောင် အိမ်မပြန်လိုတဲ့ ဆရာတို့၊ ဆရာမတို့ သက်တောင့်သက်သာ အဆင်ပြေစွာ နေထိုင်နိုင်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ အလှူရှင်များနဲ့ ပူးပေါင်းညှိနှိုင်းပြီး အစီအမံများ အတတ်နိုင်ဆုံး ဆောင်ရွက်ထားပါတယ်။

၁၂။ ဆရာတို့၊ ဆရာမတို့က ကျွန်တော်တို့အားလုံးရဲ့ ဘုံရန်သူဖြစ်တဲ့ COVID–19 ရဲ့ ရန်ကနေ လူနာတွေကိုကယ်တင်ဖို့ သူရဲကောင်းတွေအဖြစ် တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ ကျွန်တော်နဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ Senior management team က ဆရာတို့ ဆရာမတို့ရဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့ အဆင်သင့်ရှိနေပါတယ်။

၁၃။ အလုပ်တာဝန်တွေကို စိတ်ဖြောင့်ဖြောင့်နဲ့ ဆောင်ရွက်နိုင်ဖို့ ဆရာတို့၊ ဆရာမတို့ရဲ့ မိသားစုတွေ အန္တရာယ်ကင်းရှင်းဖို့၊ အခြားလိုအပ်ချက်၊ အဆင်မပြေမှုတွေရှိခဲ့ရင် အချိန်မရွေး ကျွန်တော်တို့ကို ဆက်သွယ်နိုင်ပါတယ်။ ကျွန်တော်တို့ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

၁၄။ ဒီအချိန်မှာ အဓိကမှာချင်တာကတော့ –

- ကိုယ့်ကိုယ်ကို COVID–19 ကူးစက်မခံရအောင် ကာကွယ်ပါ။ လုံးဝသတိမလစ်၊ မပေါ့လျော့စေဘဲ personal protective measures တွေကို အပြည့်အဝသုံးပါ။
- ကိုယ့်ကျန်းမာရေးကို အထူးဂရုစိုက်ပါ။ အာဟာရပြည့်ဝစွာစားပါ။ လူနာဖော ကပ်နေပေမယ့် တတ်နိုင်သလောက် အနားယူဖို့ အချိန်ရအောင်ယူပါ။
- အဆင်မပြေမှု၊ အခက်အခဲတွေရှိခဲ့ရင် ဖြေရှင်းပေးနိုင်မယ့် မိမိအထက်မှ တာဝန်ရှိသူများ ကိုပြောပါ။ ကျွန်တော်နဲ့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တို့ကို အချိန်မရွေးဆက်သွယ်နိုင်ပါတယ်။ ဆရာတို့၊ ဆရာမတို့အတွက် ကျွန်တော်တို့ အမြဲအဆင်သင့် ရှိပါတယ်။

၁၅။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံကျန်းမာရေး ပညာရှင်များအားလုံးကို မေတ္တာရပ်ခံချင်ပါတယ်။ ဆက်လက်အားတင်းထားကြဖို့၊ ဆေးရုံကို လူနာတွေ ထပ်မရောက်စေဖို့ contact တွေ ကို ပိုက်စိတ်တိုက် ခြေရာခံရှာပေးကြဖို့နဲ့ စေတနာ့ဝန်ထမ်းတွေရဲ့အားကိုယူပြီး ဆက်လက်ပြီး ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။

၁၆။ အခုရက်ပိုင်းအတွင်းမှာ အထူးသဖြင့် ရန်ကုန်မှာ ရုတ်တရက် ပိုးတွေ့လူနာများ များပြား လာတဲ့အတွက် ဆေးရုံတွေ၊ COVID-19 ကုသမှုဌာနတွေမှာ အစပိုင်းမှာ အခက်အခဲတွေ၊ အဆင်မပြေမှုတွေ၊ လိုအပ်ချက်တွေ ရှိခဲ့ကြပါတယ်။ ဒီအဆင်မပြေမှုတွေကိုလည်း သည်းခံပေးကြပါ၊ ဒါတွေကို ဖြေရှင်းကျော်လွှားနိုင်အောင် ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေပါတယ်။

၁၇။ အခုလို နေ့စဉ် ဝန်နဲ့အားမမျှအောင် တာဝန်ထမ်းဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်း ပညာရှင်များ၊ မိမိသဘောဆန္ဒအလျောက် COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ဆန္ဒပြု တာဝန်ထမ်းဆောင်ပေးကြသော ကျန်းမာရေးဝန်ထမ်းပညာရှင်များ တစ်ယောက်ချင်းစီကို အထူးလေးစားစွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါတယ်။

- ❖ ရောဂါပိုး ကူးစက်ခံထားရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ အမြန်ဆုံးကျန်းမာလာပါစေ။
- ❖ တာဝန် ထမ်းဆောင်နေတဲ့ ဆရာတို့၊ ဆရာမတို့အားလုံး ဘေးကင်းကြပါစေ။
- ❖ မိသားစုများလည်း ဘေးကင်းကြပါစေ။
- ❖ အစစအရာရာ အဆင်ပြေကြပါစေလို့ လှိုက်လှိုက်လှဲလှဲ မေတ္တာပို့သလိုက်ပါတယ်။
- ❖ COVID-19 ဒုတိယလှိုင်းကို ကျွန်တော်တို့အားလုံး အတူတကွ အနိုင်ယူကျော်ဖြတ်ကြပါစို့ လို့ပြောရင်း နှုတ်ဆက်ပါတယ်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**